ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၂၇ / ၂၀၂၀
၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၁ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန် ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ဆေးဝါးများနှင့် ဆေးဝါးကုန်ကြမ်းများ အားလုံးအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်သူ့ကျန်းမာရေးတိုးတက်မြင့်မားမှုကို အထောက်အကူပြုရေး၊ ဆေးဝါးနှင့်ဆေးဝါးကုန်ကြမ်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး၊ ပြည်တွင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရေးတို့အတွက် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၂၅-၂-၁၉၉၃ ရက်စွဲပါ အမိန့်အမှတ် ၅/၉၃ ဖြင့် ဆေးဝါးပစ္စည်း ၃၆ မျိုးနှင့် ယင်းဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးဝါးကုန်ကြမ်းများ တင်သွင်းမှုအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂-၇-၁၉၉၈ ရက်စွဲပါ အမိန့်အမှတ် ၁၀/၉၈ ဖြင့် ဆေးဝါးပစ္စည်း ၃၁ မျိုးနှင့် ယင်းဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးဝါးကုန်ကြမ်းများ တင်သွင်းမှုအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုကြောင်း အမိန့်များ ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ ကမ္ဘာနှင့်တစ်ဝှမ်း ဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှု လျော့နည်း သက်သာစေရေးအတွက် ဆေးဝါးများနှင့် ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးဝါးကုန်ကြမ်းများ အားလုံးအပေါ် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့် ပြုလိုက်သည်။

၃။ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၂၅-၂-၁၉၉၃ ရက်စွဲပါ အမိန့်အမှတ် ၅/၉၃ နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂-၇-၁၉၉၈ ရက်စွဲပါ အမိန့်အမှတ် ၁၀/၉၈ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ / ၂ - ၁၈ / ၂၀၂၀ ( ၁၆ )
ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီ လ ၅ ၅ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

အောင်စိုး
အမြဲတမ်းအတွင်းဝန်